# ရိုဟင်ဂျာဘယ်သူလဲ?

## တဖက်နိုင်ငံမှ ခိုးဝင်လာသည်ဆိုခြင်းပေါ် သုံးသပ်ချက်

## ရိုဟင်ဂျာဘယ်သူလဲ?

ကုလားဟုဆိုလျှင် အိန္ဒိယ၊ဘင်္ဂလားတို့ကလာသူများဟုတွေးမြင်သူများ များပါသည်၊ ပထဝီနယ်မြေအနေအထားအရ အိန္ဒိယ (ဘင်္ဂလား) နှင့် ဆက်စပ်နေသဖြင့် အိန္ဒိယနွယ်သောလူမျိုးများ၊ ရခိုင်ပြည်သို့ ရှေးပဝေသဏီကပင် အခြေစိုက်နေထိုင်ကြောင်းကို သိရှိသူအလွန်နည်းပါးသည်။ နားလည်သည်၊ တော်သည်ဟု မှန်တက်နေသူများပင်မသိကြပါ။ သို့နှင့် ရခိုင်မှကုလားများ၏ သမိုင်းကြောင်းနှင့် ဥပဒေကြောင်းများ၊ မြန်မာပြည်နှင့်ဆက်စပ်နေမှု (Nexus) များကိုသိရှိသူမှသာ သူတို့အပေါ်လက်ရှိ ဖြစ်ပေါ်နေသည့် အမြင်နှင့် ဂတိတရားများကိုဖယ်ရှားနိုင်မည်။ အမှန်ကိုမြင်နိုင်မည်။ ရခိုင်ပြည်နယ်မှာ ရှိနေသော မူဆလင်များ ကုလားလား၊ ရခိုင်လား၊ ရိုဟင်ဂျာလား ခွဲခြားမြင်လာနိုင်အောင်သူတို့၏ သမိုင်းကြောင်းမှ အဓိကကျသော အကြောင်းအချက်အချို့တို့ကို ဝါကျတိုတိုဖြင့်တင်ပြလိုပါသည်။ သူတို့၏ဘဝသည် မြန်မာနိုင်ငံ၏ သမိုင်း ကြောင်းနှင့်ပတ်သက်နေသည့်အပြင် ဥပဒေကြောင်းအရဆက်စပ်နေကြောင်းများလည်း ပါဝင်လာမည် ဖြစ်သည်။ စိတ်ဝင်စားသော ပုဂ္ဂိုလ်များကသမိုင်းမှန်ကို သိရှိပြီး သံသယကင်းရှင်းစွာ လက်ခံနိုင်ရန် ရခိုင်နှင့်မြန်မာသမိုင်းဆရာများကို ဦးစားပေးရည်ညွှန်းဖေါ်ပြလိုပါသည်။ နိုင်ငံခြားသားများ၏ ရေးသား ချက်များကို တတ်နိုင်သမျှချန်လှပ်ထားသည်။

၁။ ရခိုင်သမိုင်းဆရာဦးငမဲ၏ ရခိုင်ရာဇဝင် (၁၉ရာစု)တွင် ရခိုင်မှာ အစ္စလာမ်သာသနာရှစ်ရာစုအေဒီဝေသာလီနိုင်ငံမဟာတိုင်းစန္ဒြမင်းလက်ထက်ကစ၍ ကုန်သည်သင်္ဘောပျက်မှ အာရပ်လူမျိုးများ၏ သာသနာပြုမှုမှတဆင့် ပြန့်ပွားခဲ့သည်။ ဝေသာလီပြည်သားများ အစ္စလာမ် ဘာသာဝင် ဖြစ်လာခဲ့သည် ဟုဆိုထားသည်။ နယကအစိုးရထုတ် ၁၉၉၇ ခုနှစ် သာသနာရေးဝင်ထွန်းစေဖို့စာအုပ်မှာလည်း အထက်ပါအတိုင်း ရှင်းလင်းထားသည်ကိုတွေ့ရသည်။

၂။ ပါမောက္ခဒေါက်တာသန်းထွန်းက ၁၂ရာစုခန့်က ရခိုင်မြောက်ပိုင်းတွင် မူဆလင်ဘုရင်များ အုပ်ချုပ်ခဲ့ကြောင်း၊ ၎င်းတို့သည်အင်းဝမင်းများနှင့် မိတ်သင်္ဂဟဖြစ်ခဲ့ကြောင်း၊ ယခုမေယုဒေသမှ ရိုဟင်ဂျာဆိုသူများသည် ထိုမူဆလင်ဘုရင်များ၏ အဆက်အနွယ်ဖြစ်သည်ဟုယူဆရကြောင်း။ ကျောက်စာကိုနံပါတ်နှင့်တကွကိုးကား၍ ရှင်းလင်းထားကြောင်းတွေ့ရသည်။ (၁၉၉၄ ဩဂုတ်လထုတ် *ကလျာမဂ္ဂဇင်း*ပါ မြောက်ရခိုင်ဆောင်းပါး၌)

၃။ သမိုင်းဆရာဦးဘသန်း၊ ဦးအုန်းမောင်တို့က သူတို့၏ မြန်မာရာဇဝင် (ကျောင်းသုံးစာအုပ်)များ၌ရခိုင်တွင် ဆယ့်နှစ်ရာစုခန့်ကစ၍အစ္စလာမ်သာသနာသည် ကုန်းကြောင်းရေကြောင်းမှစိမ့်ဝင်ထိုးဖေါက်လာမှုကို ခုခံနိုင်စွမ်း မရှိခဲ့ချေ။ ကမ်းရိုးတမ်း တစ်လျှောက်ရှိ(ဗဒရ်မကာန်)ဗလီများသည် ထိုစဉ်ကပင် အစ္စလာမ်ဘာသာထိုးဖေါက်လာခဲ့ကြောင်း၏ သာဓကဖြစ်ပါသည်ဟုရေးထားသည်ကိုတွေ့ရ၏။

၄။ ၁၅ ရာစုအစောပိုင်း ရခိုင်နန်းကျဘုရင်နရမိတ်လှကို ပြန်လည်နန်းတင်ပေးရန်၊ ထီးနန်းပြန်လည် ရရှိစေရန် ရောက်ရှိခဲ့သော ဘင်္ဂလားဘုရင်နဒီရ်ရှား၏ စစ်ကူတပ်မှ တပ်မှူးဝလီခါန်က နရမိတ်လှကို သစ္စာဖောက်ဖမ်းချုပ်ထားပြီး၊ သူကိုယ်တိုင်လောင်းကြက်မြို့မှာ နှစ်အတော်ကြာဘုရင် တက်လုပ်ခဲ့သည်။ ရခိုင်ထီးနန်းသိမ်းထားသူများကို ဖယ်ရှားနိုင်ထုတ်

နိုင်ခဲ့သည်။ (နိုင်ငံတော်ကောင်စီဝင်ဟောင်း ဦးလှထွန်းဖြူ၏ "Narameik Hla, The Mrau-U King" ၁၉၉၈ခုနှစ်၊ ရခိုင်တန်ဆောင်နှစ်လည် မဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဆောင်းပါး၌)

၅။ နရမိတ်လှက ဖမ်းချုပ်ခံဘဝမှ လွတ်မြောက်ပြီး ဘင်္ဂလားဘုရင်ထံ ရောက်ရှိသွားရာအကူအညီတောင်းပြန်သဖြင့် နောက်ထပ်စစ်သည်တစ်သောင်းဖြင့် ထပ်မံကူညီလိုက်သည်။ထိုတပ်က ဝလီခါန်ကိုဖမ်းချုပ်၍ ဘင်္ဂလားဘုရင်ထံပြန်ပို့သည်။ နရမိတ်လှကိုနန်းတင်ပေးသည်။ နရမိတ်လှက လောင်းကြက်မြို့မှမြောက်ဦးသို့ မြို့တော်ပြောင်းရွှေ့သွားသည်၊ စစ်ကူတပ်များကို မြို့ပတ်လည်တွင်နေရာချပေးသည်။ လိုလေသေးမရှိကူညီခဲ့သည်။ ဗလီများဆောက်လုပ်ပေးခဲ့သည်။ မြောက်ဦးရှိစစ်တွေဂေးဇေးတီးယားပါစင်ဒီခါန်ဗလီသည် ဘုရင်နရမိတ်လှ (၁၄၂၈-၃၃ အေဒီ) က ဆောက်လုပ်ပေးခဲ့သောဗလီဖြစ်သည်။ မွဆလင်တို့ကထူထောင်တည်ဆောက်ပေးခဲ့သောထိုမြောက်ဦးနိုင်ငံသည် ရခိုင်သမိုင်းများတလျှောက်တွင်အတောက်ပြောင်ဆုံးအရှိန်အဝါအရှိဆုံးနိုင်ငံတော်ဖြစ်ခဲ့သည် (ဒေါက်တာအေးချမ်း ရခိုင်အမျိုးသား) ၏ဇော်မင်းထွဋ်သို့ အိတ်ဖွင့်ပေးစာအထက်ဦးလှထွန်းဖြူဆောင်းပါးနှင့် Dr. *J. Leider* ၏ *The Ascandence of Marauk-U dynasty 2003* ရှုပါ (Dr.J. Leider မှာရခိုင်သမိုင်းဖြင့် ၁၉၉၈ ခုက Dr. ဘွဲ့ ရယူသူဖြစ်ပါသည်။)

၆။ နရမိတ်လှမင်း (၁၄၀၄ မှ ၁၄၃၃ အေဒီ) က ဘင်္ဂလားအကူအညီနှင့် မြောက်ဦးနိုင်ငံတော်ထူထောင်ခဲ့သည်။ သူမှစ၍မြောက်ဦးဘုရင်အပါးနှစ်ဆယ်ခန့်က စောလ်မွန်ခါန်၊ အလီခန်၊ ကလီမာရှား၊ စလိမ်းရှား၊ ဇဘက်ရှား၊ ဟိုင်ဒရ်ရှား၊ အီလီယာဆ်ရှား၊ နူရီးရှား၊ စီကန်ဒရ်ရှား၊ ဟူစိန်ရှားစသည်ဖြင့် မွဆလင်နာမည်ခံယူခဲ့သည်။ (ရခိုင်သမိုင်း-နိုင်ငံရေး-ရခိုင်ပြည်နယ်ကောင်စီထုတ် ၁၉၈၄ခုနှစ်နှင့် *The Musslim Name of Arakan Kings*;by J-Leider 2003၌) မြန်မာဘုရင်များကဲ့သို့ ပါဠိဘွဲ့ခံယူခြင်းမဟုတ်၊ နာမည်ရင်းဖြစ်သည်။ နာမည်ရှေ့မှာ ဝှက်ပြုစကားလုံး မြန်မာပါဠိဘွဲ့ ပုံစံမျိုး လည်းရှိခဲ့သည်၊ ဘင်္ဂလားအကူအညီနှစ်ကြိမ်တိတိယူပြီး ရခိုင်ထီးနန်းရယူခဲ့သည်။ မြောက်ဦးနိုင်ငံဟူ၍ ဖြစ်လာခဲ့သည်။ ထို့ကြောင့်ဘင်္ဂလားမွဆလင်ဘုရင်များ၏ ဩဇာညောင်းခဲ့သည်။ နိုင်ငံရေး၊ ယဉ်ကျေးမှုလွှမ်းမိုးမှုများရှိခဲ့သည်။ မွဆလင်နာမည်အပြင် နန်းတွင်းနန်းပြင်မွဆလင်ဝန်ထမ်းများထားခဲ့သည်။ စစ်မှုထမ်းများ မွဆလင်ပင်ဖြစ်ခဲ့သည်။ ထိုမွဆလင်များသုံးသောဖာရစီစာသည် ရုံးသုံးစာဖြစ်လာခဲ့သည်။ အထက်ပါဖာရစီဘာသာစာအုပ်များ မြန်မာလိုဘာသာပြန်ခဲ့သည်။ ရခိုင်ဘုရင်များကငွေဒင်္ဂါးသွန်းလုပ်ရာတွင်ဘုရင်၏ မွဆလင်နာမည်ဝှက်တော်နှင့်တကွ တစ်ဘက်၊ မွဆလင်ဆုတောင်းစာကိုတစ်ဘက် အရာဘိတ်(အာရဗီ) အက္ခရာဖြင့်ထုနှိပ်ထုတ်လုပ် ခဲ့ပါသည်။ ဘုရင်နှင့်တကွတိုင်းသူပြည်သားအားလုံး ကုလားစကားပြောသည်။ ကုလားစကားသည် Lingua-franca လူမျိုးစုံသုံးစကားဖြစ်ခဲ့သည်။ ပေါ်တူဂီနှင့်ပေါင်း၍၁၆၊ ၁၇ ရာစုများ တွင် ဘင်္ဂလားပင်လယ်မှ ပင်လယ်ဓါးပြတိုက်ပြီး ကုလားများခေါ်ဆောင်လာ၍ကျွန်ပြုထားမှုများလည်းရှိခဲ့သည်။ကျွန်လူတန်းစာထောင်သောင်းမကရှိခဲ့သည်။ (M.Collis, *The Land of Greal Image;)* ဦးလှထွန်းဖြူ၏ရခိုင်ပြည်ဘဏ္ဍာတိုက်၊ အဆညည္ဟန်ချုပ်၊ ဦးစံသာအောင်၏ (ရခိုင်အမျိုးသား၏ ရခိုင်ဒင်္ဂါများစာအုပ်ရှုပါ။)

၇။ ရခိုင်သမိုင်းပညာရှင်၊ ကျောက်စာဖတ်သူ၊ မြောက်ဦးပြတိုက်မှူး ပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်းအောင်က မင်းဘာကြီး (ခ) ဇဘောက်ရှား (၁၅၃၀-၅၄) မတိုင်ခင် ရခိုင်ဘုရင် သုံးဆက်က အိန္ဒိယ (ဘင်္ဂလား)မှ အစ္စလာမ်သာသနာပြုများဖြစ်သော ရှားအာလာမ်၊ ဟာနုမျာမိရ်အာလီ၊ ဦးကာဒီတို့ကို သာသနာပြုခွင့်ပြုထားခဲ့သည်။ သူတို့၏တရားပွဲများ အလွန်စည်ကားလာသည်။ မြို့တိုင်းမှာ ဗလီသစ်များ တည်ဆောက်သည်။ သူတို့ဘာသာ ထဲသို့ တစ်ဦးချင်း၊မိသားစုအလိုက်၊ ဆွေမျိုးအလိုက်၊ ရွာအလိုက်ဝင်သွားသူများရှိခဲ့သည်။ အိန္ဒိယမှနောက်ထပ်သာသနာပြုများလည်းခေါ်ဆောင်လာခဲ့သည်။ ဤသို့အစ္စလာမ်ဘာသာ ကျယ်ပြန့်လာခြင်းကိုဆရာမြဲခါ၏လျှောက်ထားချက်အရ ဘုရင်မင်းဘာကြီးက သာသနပြု လုပ်ငန်းကိုပိတ်ပင်လိုက်လေသည်။ {ဦးဦးသာထွန်းအောင် (၁၉၉၀ မှာကွယ်လွန်၏) ရခိုင်မဟာ ရာဇဝင်} ဤတွင် ရခိုင်မှာမူဆလင်ဦးရေမည်မျှရှိနိုင်သည်ကိုခန့်မှန်း၍ရပါသည်။ ဤသူတို့သည် ယခုလဝကဝန်ကြီးပြောသလို မိမိနိုင်ငံသို့ခိုးဝင်သူများမဟုတ်ပါ။ မိမိနိုင်ငံ၏ မူရင်းပြည်သူ များဖြစ်ကြသည်။ ထိုစာအုပ်ရေးစဉ်က ဘင်္ဂလားဒေသသည်လည်း အိန္ဒိယဖြစ်ပါသည်။

၈။ ၁၆ ရာစုနှောင်းဘုရင်မင်းရာဇာကြီး (ခ) ဇလိမ်ရှားက ဟံသာဝတီပဲခူးကို တိုက်ခိုက်အောင် မြင်ခဲ့သည်။ လေးနှစ်ကျော်ဝိုင်းဝန်းတိုက်ခိုက်ခဲ့ရသည်။ မုတ္တမ၊ မော်လမြိုင်များကိုပါတိုက် ခိုက် အောင်မြင်ခဲ့ပါသည်။ သိမ်းမထားခဲ့ပါ။ ပြန်လည်ဆုတ်ခွာပေးခဲ့သည်။ ထိုစစ်ဆင်ရေး တွင် ကုလားမူဆလင်စစ်သားကိုးသောင်းပါဝင်ခဲ့ပါသည်။ မော်လမြိုင်မြို့၊ သံတလန် ရပ် ကွက်တွင် ရခိုင်ဗလီဟူ၍ ယနေ့ထိရှိနေပါသည်။ (ရမ်းဗြဲဆရာတော်၏ ဓညဝတီအရေး တော်ပုံရှုပါ) ဤစာအုပ်သည် ရခိုင်သမိုင်းလေ့လာသူတိုင်းက တန်ဖိုးထားရည်ညွှန်း ကိုးကား သောစာအုပ်ပင်ဖြစ်သည်။

၉။ အထက်ဓညဝတီအရေးတော်ပုံမှာပင် မြောက်ဦးခေတ်မတိုင်မီ စစ်ရှုံး၍ဖမ်းဆီးခေါ်ဆောင် လာသော ဘင်္ဂလားမင်းသားကို စစ်တွေမြို့၏ မြို့ဝန်ခန့်ထားခဲ့ကြောင်းနှင့် အရပ်ရပ်လုပ် ငန်း အထွေထွေမှာ ခိုင်းထားသော ကုလားကျွန် လေးသောင်းနှစ်ထောင် (၄၂၀၀၀) ရှိခဲ့ ကြောင်း မှတ်တမ်းများလည်းတွေ့ရှိခဲ့ရပေသည်။

၁၀။ ၁၆၂၉-၃၇ အေဒီတွင် ပေါ်တူဂီဘုန်းကြီး Sebastian Manrique က ရခိုင်ပြည်တွင် ပေါ်တူဂီ လူမျိုးအကျယ်ချုပ်ခံနေရသူများကို ကယ်တင်ရန်လာရောက်ပြီး ရှစ်နှစ်ကျော် နေထိုင်ခဲ့ သည်။ ဘုရင်သီရိသုဓမ္မ (ခ) ဇလင်းရှားနှင့် ရင်းနှီးမှုရယူခဲ့သည်။ ထိုဘုန်းကြီး၏ ကိုယ်တွေ့ မှတ်တမ်းအရ ရခိုင်တွင်မူဆလင်ဦးရေအတော်များခဲ့သည်။ နန်းတွင်းနန်းပြင်ဝန်ထမ်းများ မှာ မူဆလင်များဖြစ်ကြသည်။ ဘုရင်၏ နောက်ကျပြီးကျင်းပသော ဘိသိက်ခံပွဲ စစ်ရေးပြ ဆင်တပ်၊ မြင်းတပ်များ မူဆလင်များပင်ဖြစ်ကြောင်း၊ ဘုရင်ကိုကတိသစ္စာ ဆိုပေးခဲ့သူလည်း မူဆလင် ပင်ဖြစ်ကြောင်း၊ ဘုရင်၏ ကိုယ်ရေးဆေးသမား (ဆရာဝန်) လည်း မူဆလင်ပင်ဖြစ် ကြောင်း၊ ကျေးကျွန်လည်း အမြောက်အများ ရှိခဲ့ကြောင်းများ သိရသည်။ သူကိုယ်တိုင်ပင် တစ်နေ့သောအခါ ကျွန်ဖမ်းသင်္ဘောဖြင့် စစ်တကောင်းမှ မြောက်ဦးသို့လာခဲ့ကြောင်း၊ လမ်း ခရီးတွင်ဖမ်းဆီးခံ ကုလားများကို ခရစ်ယာန်သာသနာပြုရန် ကြိုးစားခဲ့ရာ အောင်မြင်မှုမရှိခဲ့ ကြောင်းများ ဘုန်းကြီး၏ ခရီးသွားမှတ်တမ်းမှာ ပါရှိပါသည်။

(M. Collis, *The Land of Great Image*)

၁၁။ ၁၅ ရာစုအစောပိုင်းတွင် လောင်းကြက်နိုင်ငံ၏နောက်ဆုံးမင်းဝလီခါန်ဖြစ်ခဲ့သလို မြောက်ဦးနိုင်ငံ၏ (၃၇) ကြိမ်မြောက်ဘုရင်သည် ၁၇၇၇ ခုနှစ်တွင် Sultan Raja Kadir Shahဖြစ်ခဲ့သည်။ ထိုဘုရင်နှစ်ပါးစလုံးသည် မူဆလင်ဘုရင်များဖြစ်ကြသည်။ ကျောထောက်နောက်ခံ မူဆလင်လူထုမရှိဘဲနဲ့ မူဆလင်တစ်ယောက် ဘုရင်မည်သို့ဖြစ်လာမည်နည်း။ ထိုခေတ်က ပင်ရှိနေသူများကိုမိမိနိုင်ငံတွင်အစာရေစာပေါ၍ဒိုးဝင်လာသူများဟု မသုံးသပ်အပ်ကြောင်း တင်ပြလိုပါသည်။ (ရခိုင်ပြည်နယ်ကောင်စီ၊ရခိုင်သမိုင်း၊နိုင်ငံရေး ၁၉၈၄ ရှု)

၁၂။ သမိုင်းမှာ မှားခဲ့ခြင်း၊ မှန်ခဲ့ခြင်း ရှိမည်။ အရှိကိုအရှိအတိုင်းရဲရဲဝံ့ဝံ့ ရေးသားခြင်းသည်သမိုင်း၏ အနှစ်သာရဖြစ်ပါသည်။ ဘိုးတော်ဘုရားခေတ် (၁၇၈၄ခုနှစ်) အလွန်ရခိုင်ပြည် အုပ်ချုပ်ရေးကို ရခိုင်အမျိုးသားတစ်စုက ပုန်ကန်ခဲ့သည်။ ဆူပူအုံကြွမှု ရှိခဲ့သည်။ ရခိုင်ပြည်၏ လူဦးရေတစ်ဝက်ကျော် ဘင်္ဂလားသို့ တိမ်းရှောင်သွားခဲ့ပါသည်။ မူဆလင်အများစုလည်း မူဆလင်များရာဒေသ ဘင်္ဂလားသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ကျန်ရှိသူ မူဆလင်များက ဘိုးတော်ဘုရားအုပ်ချုပ်ရေးကို ထောက်ခံခဲ့သည်။ ပုန်ကန်ခြားနားမှုမှာမပါဝင်ခဲ့ပါ။ ၄င်းသည် ရခိုင်ပြည်ကို သစ္စာဖောက်ခြင်းမဟုတ်။ ထိုအချိန်ထိုအခါ၏ အကောင်းဆုံးရွေးချယ်မှုဖြစ်ပါသည်။ ထို့ကြောင့် ဘိုးတော်ဘုရားက မူဆလင်ခေါင်းဆောင်များကို အခွင့်အရေး ပေးခဲ့၍ ရွှေခါး၊ ငွေခါးများကို ချီးမြှင့်ခဲ့သည်။ မူဆလင်တို့ လူမှုကိစ္စပြဿနာများကို မူဆလင် ဘာသာဓလေ့နှင့် အညီစီရင်ရန်ဘုရင့်အမိန့်ပြန်တမ်းထုတ်ပေးခဲ့သည်။ (မြန်မာမင်း အမိန့်ပြန်တမ်းများ၊ ဒေါက်တာသန်းထွန်းဘာသာပြန်ရှုပါ။) ထိုအမှုစီရင်ရန် တရားသူကြီးများ (ကာဇီများ)ခန့်အပ်ပေးခဲ့သည်။သို့ဖြစ်၍ ရခိုင်ပြည်တွင် ကာဇီရွာ၊ ကာဇီဗလီ၊ ကာဇီရေကန်၊ ကာဇီမျိုးနွယ်စသည့်အမည်နာမများ ရခိုင်ပြည်အနှံ့မှာ ယနေ့တိုင်တွေ့ရပေသည်။ ရခိုင်ကို နယ်မြေလေးခုခွဲ၍ မြို့ဝန် လေးဦးဖြင့် အုပ်ချုပ်စေခဲ့သည့်အပြင် မူဆလင် ရေးရာများကို စီမံခန့်ခွဲရန် မူဆလင်မြို့ဝန်တစ်ဦးသီးသန့် ခန့်အပ်ခဲ့သည်။ ရာမာဝတီမြို့ဝန် ဦးနုဖြစ်နိုင်ပါသည်။ (မောင်သောင်း၊ ရွှေဦး၊ ဝဲ့မင်း၊ ဘာသာရေးလွှတ်လပ်ခွင့် လုပ်သားသတင်းစာ၊ ၆-၁၂-၁၉၆၈)နှင့်(*J.Leider The Ascandance of Mrank-U Dynasty 2003*ရှုပါ။)

၁၃။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် ရခိုင်စစ်မျက်နှာနှင့် ရန်ကုန်စစ်မျက်နှာတွင် ရခိုင်မှ မူဆလင်များက ရှေ့တန်းမှာတိုက်ပွဲ ဝင်ပေးခဲ့သည်။ ရခိုင်စစ်မျက်နှာတွင် မူဆလင်တပ်၏ တပ်မှူး အဒုလ်ကရိမ် (စာရေးသူ၏ မြောက်ဆက်မြောက်ဘိုးတော်)၊ အင်္ဂလိပ်လက်အောက် တွင်အဖမ်းခံရ၍ ကာလကတ္တားထောင်ထဲရောက်ခဲ့သည်။ ဘကြီးတော်မင်းတပ်တွင် ရခိုင် မူဆလင်သေနတ်တပ်များပါဝင်ခဲ့ရာ သူတို့၏စွန့်စားမှုကို အသိအမှတ်ပြုသောအားဖြင့် ရန်ကုန်မှာဗလီနှစ်လုံး တည်ဆောက်ပေးခဲ့သည်။(*Encyclopedia Britincia 2003*; နှင့် *First Anglo Burma War* by Captain Robertson ရှုပါ)

၁၄။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမတိုင်ခင်ကပင် ရခိုင်က လူဦးရေတစ်ဝက်ကျော် ဘင်္ဂလားသို့ ထွက်ပြေးသွားခဲ့သည်။ လူတသိန်းခန့်သာပြည်တွင်းတွင် ကျန်ခဲ့သည်။ ပဋိပက္ခရှောင်လို၍ ထွက်ပြေးတိမ်းရှောင်သူများတွင် မူဆလင်ဦးရေများသည်။ အင်္ဂလိပ်က ရခိုင်ပြည်ကိုသိမ်းပြီးသည်နှင့် ၁၈၂၆ ခုတွင် သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ ထိုသန်းခေါင်စာရင်း

ကောက်ချိန်တွင် အိန္ဒိယကုလားများ မြန်မာပြည်သို့မဝင်လာသေးပါ။ ထွက်ပြေးခဲ့သော ရခိုင်ရော၊ မူဆလင်များပါ ဝင်မလာသေးပါ။ သန်းခေါင်စာရင်းမှာ လူဦးရေတစ်သိန်းခန့် ရှိပြီး ရခိုင် ၆၀၀၀၀၊ မူဆလင် ၃၀၀၀၀ နှင့် ဗမာ ၁၀၀၀၀ ဟုပြထားသည်။ တောင်ပေါ် နေလူမျိုးများမပါပါ။ တောင်ပိုင်းမှာ ဗမာစကားပြောသူများကို ဗမာဟုပြောခြင်း ဖြစ်နိုင်သည်။ ရခိုင်စကားပြောသောမူဆလင်များကို ရခိုင်အုပ်စုတွင် ထည့်သွင်းခြင်း လည်းဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ အင်္ဂလိပ်မတိုင်ခင်ရခိုင်ပြည်၏ လူဦးရေစုစုပေါင်းမှာ အနည်းဆုံး သုံးပုံတစ်ပုံခန့် မူဆလင်ဖြစ်နေကြောင်း ထင်ရှားနေပါသည်။ သူတို့သည်တိုင်းရင်းသားများ မဟုတ်လား။ ယနေ့တိုင်းရင်းသား ဆိုသူများထက် နောက်ကျ၍ ဝင်သူများမဟုတ်ပါ။

၁၅။ ရခိုင်ပြည်နယ်ရှိ ယနေ့မူဆလင်များသည် အိန္ဒိယမှ ခိုးဝင်လာသူများမဟုတ်၊ အင်္ဂလိပ်ခေတ် အိန္ဒိယမှ ရခိုင်သို့ လာရောက်ခဲ့သူများသည် မြန်မာပြည်မသို့လာသူများနှင့်မတူ၊ ကုန်သည်များ၊ ဝန်ထမ်းများမဟုတ်၊ ရာသီအလိုက်အလုပ်လုပ်ရန် ခေတ္တရာသီချိန်မှာ လာခြင်းဖြစ်သည်။ အလုပ်ရာသီကုန်လျှင် အိမ်ပြန်လေ့ရှိသည်။ ၎င်းတို့၏မူလနေရပ်ဒေသနှင့် အလွန်နီးကပ်နေ၍ဖြစ်သည်။ (ဗမာ့ဂေဇက်တီးယား စစ်တွေခရိုင်ရှုပါ။) ဒေါက်တာသန်းထွန်းက ၎င်းတို့ကို Floating Population ဟု ရေးသားသည်။ (မြန်မာ့စနေမဂ္ဂဇင်း ၁၉၉၂ ဇူလိုင်လထုတ်ရှုပါ။)

၁၆။ ရခိုင်ဒေသနှင့် ဘင်္ဂလားအရှေ့ပိုင်းဒေသသည် ရာစုနှစ်ပေါင်းများစွာနိုင်ငံတခုတည်းဖြစ်ခဲ့သည်။ ထို့ကြောင့်ဘင်္ဂလားမှာ ရခိုင်သိန်းသန်းချီ၍ရှိကြသည်။ ယနေ့ အများစုမှာရခိုင်ပြည်သို့ ပြန်ဝင်လာနေသည်။ ဘင်္ဂလားမှာ ထိုရခိုင်ခေတ်က ရခိုင်မှ ရခိုင်အမျိုးသားများဘင်္ဂလားသို့ရောက်ရှိသွားနိုင်လျှင် ဘင်္ဂလားမှ ကုလားများလည်း ရခိုင်သို့ ရောက်ရှိနေထိုင်ခြင်းရှိနိုင်သည်ကို အသိအမှတ်ပြုသင့်သည်။ အင်္ဂလိပ်ခေတ်မှာဝင်လာသူများမဟုတ်ပါ။ ဘင်္ဂလားဒေသမှာ ရခိုင်ဝန်ကြီးပင် ရှိနေခဲ့ကြောင်းသိရှိရသည်။ လက်ရှိ ဘင်္ဂလားဒေသ့ဆိုင်ရာမြန်မာ သံအမတ် Anuk Kumar Chakmaသည် ရခိုင်နွယ်ဝင်ဟုဆိုသော ဗိုင်းနက်လူမျိုးဖြစ်သည်ကို သိရသည်။ ဘင်္ဂလားတွင် ရခိုင်လူမျိုးသည်နိုင်ငံသားများဖြစ်ကြသည်။ မြန်မာသို့လာလျှင်လည်း နိုင်ငံသားအခွင့်အရေးများ ချက်ချင်းရသည်။ သို့ဖြစ်ပါ၍ရခိုင်များသာ ဘင်္ဂလားမှ ရခိုင်သို့ စဉ်ဆက်မပြတ်ဝင်နေသည်ကိုတွေ့ရသည်။ အုပ်ချုပ်ရေးပိုင်းတွင် မူဆလင်တဦးမှ မရှိသော ရခိုင်ပြည်နယ်သို့ ဘင်္ဂလားများ ခိုးဝင်လာရန်မှာ လုံးဝမလွယ်ပါ။

၁၇။ ရခိုင်ပြည်နယ်၏ အဓိကလွင်ပြင်ဒေသများ၊ မြစ်ဝှမ်းဒေသများ၊ စိုက်ပျိုးရေးလုပ်ကိုင်ရန် ကောင်းသောနေရာများသည် မူဆလင်များက ရွာတည်တောင်နေထိုင်သော နေရာဖြစ်ကြောင်းတွေ့ရသည်။ လေးမြို့မြစ်ဝှမ်း၊ ကုလားတန်မြစ်ဝှမ်း၊ သရေချောင်းမြစ်ဝှမ်း၊ မေယုမြစ်ဝှမ်း၊ နတ်မြစ်ဝှမ်းဒေသများတွင် မြစ်ဝဲယာ နှစ်ဖက်စလုံးမှ အစအဆုံးမူဆလင်ရွာများတန်းစီ၍ တွေ့ရသည်။ ယနေ့စွပ်စွဲခံရသလို နည်းအမျိုးမျိုးဖြင့် ခိုးဝင်လာသူဆိုလျှင် နေရာကောင်းများမည်သို့ရသွားသနည်း။ ခိုးဝင်လာသူသည် နောက်ကျလာသူဖြစ်ရမည်၊ နေရာကောင်းများတွင် တိုင်းရင်းသားဆိုသူ မူလပိုင်ရှင်များ နေရာယူထားပြီးဖြစ်ရမည်။နောက်မှ လာသူ ထေးလံခေါင်ဖျားမှာနေရမည်။ ဤနေရာတွင်လူနေထိုင်မှုအနေအထားသည် ထိုသို့မဟုတ် ပြောင်းပြန်အဘယ်ကြောင့်နည်း။ ကျွန်တော်တို့၏ ယူဆချက်မှားနေခြင်းသာ ဖြစ်ရမည်။

ရခိုင်မှာ နေရာကောင်း၊ မြစ်ဝှမ်းများတွင်နေရာရထားသူများသည် မူလတိုင်းရင်းသားများ ဖြစ်ကြပါသည်။ မြန်မာစကားပြောသူများဝင်လာသောအခါမြစ်ဝဲယာ တန်း၍ ကုလားရွာ များတွေ့ရှိ၍ ကုလားတန်မြစ်ဟုခေါ်ခြင်းဖြစ်သည်။ ကုလားတန်းမြစ်၏ မူလနာမည်သည် ကစ္ဆပနဒီဖြစ်ပါသည်။ (Albert Fyteh, *Burma, Vol.II* ရှုပါ။)

၁၈။ ရခိုင်ပြည်ရှေးဟောင်းကျောက်စာအထောက်အထားအရလည်းကောင်း၊ ပညာရှင်များ၏ နောက်ဆုံး သုတေသနအရလည်းကောင်း၊ ရခိုင်ပြည်နယ်၏ ရှေးဟောင်းအမည်များမှာ ရက္ခပူရ အရက္ခဒေရှ်ဟုရှိခဲ့သည်။ ဓညဝတီ ဝေသာလီမြို့ပြနိုင်ငံအမည်များလည်းရှိခဲ့သည်။ နောက်ပိုင်း ရဟာမီ၊ ရကွမ်း၊ ရကွန်၊ ရာကာန်၊ အရ်ခေါန်း၊ ရိုရှန်၊ ရိုဟန်းစသည့်အခေါ် အဝေါ်များလည်း ခေတ်အလိုက်လူမျိုးအလိုက် (အသံထွက်ကွဲလွဲမှုများဖြင့်) ခေါ်ဝေါ်မှု ရှိခဲ့သည်။ အင်္ဂလိပ်လူမျိုးများက အာရ်ကာန်ဟုခေါ်သည်။ ရခိုင်ပြည်ကို အင်္ဂလိပ်သိမ်းယူ သောအခါ ထိုနာမည်ပို၍ ထင်ရှားပေါ်လွင်လာသည်။ မြန်မာတို့က ရခိုင်ဟုခေါ်သည်။ (Dr. Pamela Gutman, *Ancient Arakan 1976* ၌) ရှေးခေတ်ကထိုးခဲ့သော ရုပ်တုအများ အပြားသည် ကုလားရုပ်နှင့်ဆင်တူသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်သည် သမိုင်းကြောင်း အရ ကုလားနှင့်ဆက်စပ်နေသည် ဘင်္ဂလားတခုလုံးမူဆလင် ဖြစ်လာခဲ့၍ နီးစပ်သောရခိုင် ဒေသသည်လည်းမူဆလင်ဖြစ်လာခြင်းဖြစ်သည်။ ထိုခေတ်က မြန်မာနှင့်ဆက်သွယ်မှုမရှိခဲ့ ပါ။ မူဆလင်ယဥ်ကျေးမှုလက်ရာများ၊ ရှေးဟောင်းအမွေအနှစ်များ၊ ရခိုင်ပြည်နယ်အနှံ့အ ပြား မှာတွေ့ရသည်။ တချို့ကို ရခိုင်ပြည်နယ်ပြတိုက်မှာတွေ့ရသည်။ စစ်တွေမြို့ ဘဒရ်မ ကာန်ဗလီ (ရခိုင်က ဗုဒ္ဓေါမော်ဟုခေါ်သည်။) မြောက်ဦးရှိ စင်ဒီခါန်ဗလီများကို အင်္ဂလိပ် ပြုစုသောဗမာဂေဇီတီးယားစစ်တွေခရိုင်တွင်ရှေးဟောင်း၊ မူဆလင်ယဥ်ကျေးမှုအဆောက် အဦးများအဖြစ်ပြထားသည်။ ကုသိုလ်ကံမကောင်း၍ စင်ဒီခါန်ဗလီသည် ယနေ့မြို့ဖျက်ခြင်း ခံရ၍ ထိုနေရာမှာ တပ်မတော်တပ်ရင်းမှ နေရာယူထားကြောင်း သိရသည်။

အထက်ပါတို့သည် ယနေ့ရခိုင်မှာရှိသောကုလားများ (မူဆလင်များ) မှာ တိုင်းရင်းဖြစ် Indigenous ဖြစ်ကြောင်း အဓိကကျသော အကြောင်းအချက်များဖြစ်ပါသည်။ သမိုင်းရေးခြင်းမဟုတ်သဖြင့် အကျဉ်းချုပ် Core Points, Nueclei များကို ဖေါ်ပြခြင်းသာဖြစ်ပါသည်။

အင်္ဂလိပ်ခေတ်မှာလည်း နိုင်ငံခြားသားမဟုတ်၊ ရခိုင်မူဆလင်၊ မြန်မာမူဆလင် နာမည်များဖြင့် မှတ်တမ်းရှိခဲ့သည်။ နိုင်ငံခြားမှဝင်လာသောမူဆလင်နှင့် မတူဟုဆိုလိုခြင်းဖြစ်သည်။ (ဒိုင်ယာခီခေတ်၊ ဥပ ဋ္ဌာနခေတ်များမှာ) ဦးဂိုနီမာရကာန်၊ ဦးအီအက်စ်တာဗီမာရကာန်တို့က ထိုခေတ်တိုင်းရင်းသားကိုယ်စား ပြုလွှတ်တော်အမတ်များဖြစ်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြုပြည်ပြုလွှတ်တော် မှာလည်း ဤမူဆလင်များ၏ ကိုယ်စားလှယ်များပါဝင်ခဲ့ပါသည်။ စစ်တွေအနောက်မှ ဦးဖိုးခိုင်၊ မောင်းတော မှ ဦးဆုလ်တန်အမဒ်၊ ဘူးသီးတောင်မှ ဦးအဒူဂဖါ့ရ်တို့ဖြစ်ခဲ့သည်။ ဦးဆုလ်တန်အမဒ်နှင့် ဦးအဒူဂဖါ့ရ်တို့ သည် ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီ (၃၅) ဦးတွင်ပါဝင်ခဲ့ပါသည်။ (ဦးဖေခင်၏ ကိုယ်တွေ့ပင်လုံ၌) (ဦးကျော်ဝင်း+၃-မြန်မာနိုင်ငံသမိုင်း၊ ၁၉၅၈-၆၂ တွဲ III ၁၉၉၀ခုနှစ်၊ သမိုင်းဖြစ်ရပ်အမှန် ဖော်ထုတ်ရေး အဖွဲ့မှတည်းဖြတ်ထုတ်ဝေသည်ကိုရှု။)

ဖဆပလခေတ်မှာလည်း ပါလီမန်အမတ်များ၊ အတွင်းဝန်များအပြင် ဝန်ကြီးများပင်ရှိခဲ့သည်။ ဖဆပလခေတ်၌ ကောင်စီအဆင့်ဆင့်မှာ ရွေးချယ်ခံခွင့်ရရှိခဲ့ကြောင်းတွေ့ရသည်။ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ၁၉၇၄ ခုနှစ်တွင် မောင်းတောမှ ဒေါက်တာအဒူရော်ဟိမ်၊ ဘူးသီးတောင်မှာ ဦးအဘုလ်ဟုစိန်တို့ပါဝင်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် မောင်းတောမှ ဦးအဒူလ်ဟိုက် (ခ) ဦးထွန်းအောင်ကျော်ပါဝင်ခဲ့ပါသည်။ ပထစအစိုးရကျန်းမာရေးဝန်ကြီးမှာ ဦးဆုလ်တာန်မာမုဒ်၊ ဘူးသီးတောင်မြို့နယ်မှ အမတ်မင်းဖြစ်ခဲ့သည်။ ၁၉၉၀ ရွေးကောက်ပွဲမှာ ဦးချစ်လွင်၊ ဦးဖော်ဇော်အမတ်၊ ဦးကျော်မင်း၊ ဦးတင်မောင်နှင့် ဦးရွှေယတို့မှာ ထိုဒေသကမူဆလင်အမတ်များဖြစ်ခဲ့သည်။ ဤရခိုင်မှ မူဆလင်များအထဲမှ စစ်ဖက်နယ်ဖက်ဝန်ထမ်းများရှိခဲ့ပါသည်။ ယခုလည်းရှိနေဆဲဖြစ်ပါသည်။ ပင်စင်စားများကလည်း အမြောက်အများရှိပါသည်။ မြန်မာပါစ်ပို့ကိုင်ပြီးနိုင်ငံခြားမက္ကာသို့ ဟာဂျ်သွားခဲ့သူများလည်း ခေတ်အဆက်ဆက်မှာရှိခဲ့ပါသည်။ နိုင်ငံရေးနယ်ပယ်မှာလည်း သံတွဲမှ ဦးဘစိန်၊ စစ်တွေမှ ဦးယာစိန်၊ မလ်ဝီအဒူရော်မာန်၊ ဦးဖိုးခိုင်၊ ဦးဆုလ်တာန်မာမုဒ်တို့နှင့် မောင်းတော၊ ဘူးသီးတောင်နယ်မှ လူမြောက်များစွာ ဗြိတိသျှဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးတို့တွင်ပါဝင်ခဲ့သည်။ စစ်တွေမြို့အမျိုးသားကျောင်းတွင် ကျောင်းအုပ်ဆရာကြီးမှာ ဦးအောင်ထွန်းဦးပြီးနောက် ဦးဖိုင်နူဒ္ဒိန်ဖြစ်ခဲ့သည်။

ဖက်ဆစ်ဆန့်ကျင်ရေးအတွက် ၁၉၄၃ ခုနှစ်တွင် ဘူးသီးတောင်၊ မောင်းတောနယ်မှာ နယ်ခံများဖြင့်ဖွဲ့စည်းသော Victory Force က ဗြိတိသျှပုံမှန်စစ်သားများထက်ထူးချွန်ပြောင်မြောက်စွာ တိုက်ပွဲဝင်ပေးခဲ့ကြောင်း ဗြိတိသျှမှတ်တမ်းများမှာ တွေ့ရသည်။ ( Major Antony Irwin, *Burmese Out post*; field Marshal William Slim, *defeat into victory* ရှုပါ)

ရခိုင်ပြည်နယ်လုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးဟူ၍ ကိုလိုနီခေတ်နှောင်းမှာ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၎င်းတွင် ဦးဆုလ်တာန်မာမုဒ်၊ ဦးယာစိန်၊ ဦးဖိုးခိုင်တို့အဖွဲ့ဝင်ဖြစ်ခဲ့သည်။ အထက်ပါအရပ်ရပ်သော မူဆလင်များသည်၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံလူမှုဘဝ၊ စီးပွားဘဝတူညီသောလူမျိုးစုတစုဖြစ်သည်။ ၎င်းတို့သည် ရိုဟင်ဂျာများပင်ဖြစ်ပါသည်။

ယင်းတို့အား ယနေ့နိုင်ငံတော်မှသံသယရှိသူများဟု စွပ်စွဲနေသည်။ ခိုးဝင်လာသူ ဘင်္ဂါလီကုလားဟုဆိုနေသည်။ ဤသံသယဟုစွပ်စွဲခံနေသူများသည် ရခိုင်ပြည်နယ်မြို့နယ်အများစုတွင်ရှိနေပြီး ရခိုင်ပြည်နယ်လူဦးရေပေါင်း၏ တက်ဝက်ခန့်ရှိပါသည်။ ယခင်အစိုးရများက နိုင်ငံသားများအဖြစ် လက်ခံထားခဲ့သည်ကိုလည်းသတိပြုမိပါသည်။ ရိုဟင်ဂျာဟုအသိအမှတ်ပြုခဲ့ကြောင်း၊ သက်သေသာဓကများလည်းရှိနေသည်။

"ရိုဟင်ဂျာ" ဆိုသည် သမိုင်းမှာမရှိသော နာမည်၊ အသစ်တွင်ခြင်းဖြစ်သည်ဟု တချို့ကဆိုပါသည်။ သို့သော် ထိုရိုဟင်ဂျာကို သမိုင်းဆရာ Arthur Phayare က "မြန်မာသမိုင်း" "*Burma*" ဆိုသောစာအုပ်စာမျက်နှာတစ်ရာတွင် Ralt Fitch နှင့် အခြားသမိုင်းမှတ်တမ်းများကို ကိုးကား၍ ဖေါ်ထုတ်ရေးသားထားသည်။ ရခိုင်ကို ရိုဝန်ဒေသဟုခေါ်ဝေါ်ထားသည်။ ၁၈ရာစုက အင်းဝရှိ ဗြိတိသျှသံအမတ် Buchanin က *The Languages of Burma Empire* ဆိုသည်သုတေသန စာတမ်းမှာ ရိုဟင်လူမျိုး၊ ရိုဟင်ဂျာဘာသာစကားကို ကျယ်ကျယ်ပြန့်ပြန့်ရှင်းထားကြောင်း တွေ့ရသည်။ ထို့အပြင် Rennel ၏ ကမ္ဘာ့မြေပုံ၌လည်း ရိုရှန်းဒေသဟု ၎င်းထိရိုယူရန် *Rajamala* သမိုင်းမှာလည်းရခိုင်ကို ရိုရှန်း(ရိုဟန်း) ဟု ခေါ်ဝေါ်သမုတ်ထားသည်ဟု Dr. S.B Qanungo ကသုတေသနပြုထားကြောင်းတွေ့ရသည်။အလယ်ခေတ် အိန္ဒိယ၊ ဘင်္ဂလားစာပေများမှာလည်းတွေ့ရသည်။ စန္ဒသုဓမ္မမင်း ၁၆၅၆-၈၂၏ အမတ်တဦးဖြစ်သူ "ရှာအာလ်ဝါလ်"က

"ရိုရှန်းပန်ချာလီ" နာမည်ဖြင့် သမိုင်းဖြစ်ရပ်မှတ်တမ်းတခုပင်ရေးခဲ့သည်။ (ဒေါက်တာကာနုန်ဂို၏ စစ်တကောင်း သမိုင်းပထမတွဲရှုပါ။) ကုလားများက ရခိုင်ကို ရိုရှန်း၊ ရိုဟန်းနှစ်မျိုးစလုံးခေါ်ခဲ့သည်။ (Buchanin ရှု)။ ဘင်္ဂလားမှာ "ရိုဟင်ဂျာဒေသ" နာမည်နှင့် ခလေးချောကဗျာများလည်းရှိကြသည်။ ယနေ့ထိရခိုင်ကို "ရိုဟင် Rohang" ဟုခေါ်ပြီး ပြည်သူများ (မူဆလင်များ) ကို ရိုဟင်ဂျာဟုခေါ်ကြသည်။

ယနေ့ရိုဟင်ဂျာကို ဆန့်ကျင်နေသူများပင်လျှင် ရိုဟင်ဂျာဟူသော အမည်ရှိကြောင်းဝန်ခံပြောဆိုနေသည်။ ဂျာမဏီနေ ဦးခင်မောင်စောက ရိုဟင်ဂျာသည် မြောက်ဦးရှိ ရွာဟောင်းသားဟူသောအမည်ကို ကုလားများက ရိုဟင်ဂျာလုပ်ထားခြင်းဖြစ်သည်ဟုဆိုသည်။ ထိုသူကပင် ရိုဟင်ဂျာမှာ သခင်ခိုးကပေးထားသောနာမည်ဟု ဆိုပြန်သည်။

ထိုအပြင် ရခိုင်အမျိုးသားတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဒေါက်တာဦးအေးမောင်က ရိုဟင်သည် ရခိုင် (ပြည်) ဖြစ်သည်၊ "ဂျာ" မှာ ပြန်လာသူဖြစ်သည်။ ရခိုင်မှ ဌာနေပြန်သူ ဘင်္ဂလီများဟုဆိုလေသည်။ ဥပမာ လန်ဒန်မှပြန်လာသူကို လန်ဒန်ပြန်ဟု ခေါ်သလိုပေါ့ ၁၃-၆-၂၀၁၂ ဟု မေးမြန်းခန်းမှာ ရှင်းလင်းထားသည်။ ရိုဟင်ဂျာမှာ ဘင်္ဂလားအခေါ် အဝေါ်ဟု သူကဆိုသည်။ ဘင်္ဂလားဝေါဟာရကို ရခိုင်အမျိုးသားတစ်ယောက်ကဘာသာပြန်သည်ကို မှန်သည်ဟု မည်သို့ဆိုမည်နည်း။ ရိုဟင်ဂျာဘာသာစကားမှာ "ရိုဟင်"သည် ရခိုင် (အာရ်ကာန်) ကို ကိုယ်စားပြုပြီး "ဂျာ"သည် လူကို ကိုယ်စားပြုသည်။ ရိုဟင်ဂျာသည် ရခိုင်ပြည်သားဟု အဓိပ္ပါယ်ရသည်။ ဥပမာ ရမ်းဗြဲသားကို "ရာမ်ဗြဲဂျာ"ဟု ခေါ်ဆိုလေ့ရှိသည်။

ရိုဟင်ဂျာသည် ဘင်္ဂလီဖြစ်သည်၊ ရခိုင်ပြည်သားဖြစ်သည်။ စသည်ဖြင့် စောဒကတက်နေခြင်းသာဖြစ်သည်။ ထိုနာမည်မရှိဟု မဆိုလိုပါ။ အသစ်မဟုတ်ပါ။ ရိုဟင်ဂျာသည် မည်သည့်နိုင်ငံသားဖြစ်သည်ကို သမိုင်းအထောက်အထားနှင့် ဥပဒေများက အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ ဂတိတရားနှင့် ဆုံးဖြတ်၍မရနိုင်ပါ။ ဆန္ဒပေါ် ဥပဒေကလွှမ်းမိုးသင့်သည်။ မြန်မာဥပဒေတွင် မူဆလင်ကနိုင်ငံသား၊ တိုင်းရင်းသားမဖြစ်စေရဟုမပါရှိခဲ့ပါ။

၁၉၅၀ ခုနှစ်ကျော်များတွင် ယနေ့သံသယဆိုသူများကို အိမ်တိုင်ရာရောက်ကွင်းဆင်း၍ မှတ်ပုံတင်ကဒ်များထုတ်ပေးခဲ့သည်။ သူတို့ရွာများတွင် အစိုးရကျောင်းများ၊ ဆေးပေးခန်းများနှင့် စာတိုက်ခွဲများဖွင့်လှစ်ပေးခဲ့သည်။ သူတို့က နှစ်စဉ်မြေခွန်ဆောင်သူများလည်းဖြစ်ပါသည်။ ပြည်ထောင်စုနေ့ ပဟိုအခန်းအနားသို့ တိုင်းရင်းသားကိုယ်စားလှယ်အဖြစ် နိုင်ငံတော်ဧည့်သည်များလည်းဖြစ်ခဲ့ဘူးသည်။ သူတို့ကို တက္ကသိုလ်များတွင် တိုင်းရင်းသားလူမျိုးစု ကျောင်းသား/သူအသင်းများကဲ့သို့ ရိုဟင်ဂျာကျောင်းသားများအသင်းဟု မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ မြန်မာ့အသံမှာ တိုင်းရင်းသားဘာသာစကား အစီအစဉ်ဟုရှိခဲ့သည်။ ၎င်းမှာ ပအိုဝ့်၊ လားဟူ၊ ရိုဟင်ဂျာဘာသာစကားသုံးမျိုး တပတ်သုံးရက် ဆယ်မိနစ်စီ မြန်မာ့အသံမှ အသံလွှင့်ခွင့်ရရှိခဲ့ပါသည်။ ဤအစီအစဉ် ၁၉၆၁ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိရှိခဲ့သည်။ (မြန်မာ့အသံ ရွှေရတုသဘင်စာစောင်ရှုပါ။)

အထက်ပါအခွင့်အရေးအသီးသီးရရှိခဲ့ခြင်းမှာ မြန်မာနိုင်ငံသားများဖြစ်သောကြောင့်ဖြစ်ပါသည်။ ထိုစဉ်က သံသယတို့ခွဲခြားမရ ထို့ဘင်္ဂလားရောထွေးမှုတို့မရှိခဲ့ပါ။ ယနေ့ထိုစကားများ၏နောက်ကွယ်တွင် ကြံစည်မှုတစ်ခု၊ ရည်ရွယ်ချက်တစ်ခု၊ ulteria motive တခုရှိနေသည်ဟု သုံးသပ်ရပါသည်။ မမှန်မကန်၊ မှားတသော ရည်ရွယ်ချက်ဖြစ်မည်။ လူမျိုးရေးကို အခြေခံပြီး စတင်သန္ဓေတည်ခဲ့သော ရည်ရွယ်ချက်ရှိသော စီမံချက်ဖြစ်သည်။ အာဏာရှင်စနစ်၏ အဖြစ်သနစ် Phenomenon ဖြစ်ပါသည်။

ယနေ့ ဒီမိုကရေစီအစိုးရပြည်သူ့အစိုးရက အထက်မမှန်မကန်သောစီမံဆောင်ရွက်ချက်ကို ဆက်လက်အကောင်အထည်ဖော်ရန် မသင့်တော်ဟုယူဆပါသည်။ ယထာဘူတကျကျပြန်လည်သုံးသပ်သင့်ပါသည်။

ယခုဖြစ်ပျက်နေသည်မှာ အထက်ပါတင်ပြချက်များနှင့်အညီ ကျပ်ပြည့်တင်းပြည့်နိုင်ငံသားဖြစ်နေသူများကို လွှတ်တော်အစည်းအဝေးမှာ ဝန်ကြီးများက နိုင်ငံခြားသားများ ဟုပြောနေသည်။ နိုင်မာသောအထောက်အထားဖြင့် နိုင်ငံသား ပြုခွင့်လျှောက်ထားရမည်ဟု လမ်းညွှန်သည်။ ၄င်းတို့ကို မှန်ကန်သည်ဟုမယူဆနိုင်ပေ။

ယခုရှိနေသော မူဆလင်များ၏ ဘိုးဘွား၊ မိဘများ၊ နိုင်ငံခြားသားမဟုတ်ပဲနဲ့ နိုင်ငံခြားသားဖြစ်ကြောင်း၊ နိုင်မာသောအထောက်အထား ဘယ်မှာရမည်နည်း။ မူဆလင်ဆိုလျှင် နိုင်ငံခြားသားဟု အစိုးရက သတ်မှတ်လျှင်၊ သူတို့သည် မူဆလင်ဖြစ်နေသည်။ ၄င်းပင်လျှင် နိုင်ငံခြားသားဖြစ်ကြောင်း အထောက်အထားဟုဆိုရပေမည်။ နိုင်ငံသားတစ်ဦးစီ၏ သိက္ခာပိုင်းနှင့် ဆိုင်သည်ကိုလည်းစဉ်းစားသင့်သည်။ ရခိုင်ပြည်နယ်သည် နိုင်ငံခြားသားများဝင်ထွက် ရောနှော၍ လုံးဝမဖြစ်နိုင်သောနေရာဖြစ်သည်။ အမြှေရောင်နယ်မြေဖြစ်သည်။ တရားဥပဒေစိုးမိုးသောနေရာဖြစ်သည်။

အမှန်စင်စစ် ဘင်္ဂလားဒေ့ရှ်နယ်စပ်သည် မြန်မာအရှေ့ဘက် မြန်မာနယ်စပ်နှင့်မတူ နယ်စပ်ကို သံဆူးကြိုးဖြင့်ကာရံထားပြီးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်းတော၊ ဘူးသီးတောင်တို့တွင် ကုလားများကို ထိုးဖောက်ဝင်ရောက် ရောထွေးသဖြင့် စိစစ်ရေးကဒ်မထုတ်ပေးနိုင်ဆိုလျှင် မြို့နိုင်ပြည်အတွင်းဖက်က မူဆလင်များကိုကော အဘယ်ကြောင့်နိုင်ငံသားစိစစ်ရေးကဒ်မထုတ်ပေးရသနည်း။ ထိုဒေသများသို့ မည်သည့်ကုလား၊ မည်သည့်မူဆလင်များသွားရောက်ခွင့်မရှိသည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ သူတို့ကိုလည်းရောထွေးနေသည်၊ ခွဲခြားမရဟုဆိုပါမလား။ ရောထွေးနေခဲ့သော် ဒေါ်ထုတ်အရေးယူနိုင်သည်မဟုတ်လား။ အမြေမှန်ဖေါ်ထုတ်ရန်လိုပါသည်။

မျိုးသားပွင့်လင်းစွာသုံးသပ်သင့်သော အဆင့်ရောက်နေပါသည်။ မသိချင်ယောင်ဆောင်နေရန် မသင့်တော်ပါ။ အဂတိတရားဖြင့် မတော်မတရားပြုမှု၊ နှိပ်ကွပ်မှု၊ ခွဲခြားဆက်ဆံမှု၊ အခွင့်အရေးပိတ်ပင်မှုများရှိကြောင်း ထင်ရှားနေပါသည်။ ခွဲမရသည် သံသယရှိသည်တို့လည်း အဂတိတရား၏ ကွင်းဆက်များဖြစ်နေသည်မှာ ထင်ရှားနေပါသည်။ ယင်းသို့ အထက်ချုပ်ချယ်ကန့်သက်ထားမှုများသည် ဝန်ကြီးများ၏ လွှတ်တော်တွင် ပြေကြားရှင်းလင်းရာတွင် ပို၍ပေါ်လွင်ထင်ရှားနေပါသည်။

၄င်းကိုသာမန်ပြည်သူများကမြင်လျှင် ယနေ့တိုင်းပြည်ကိုဦးဆောင်နေသောပုဂ္ဂိုလ်များ ဦးရှုမြင်မည်မှာ အငြင်းပွားစရာမရှိပါ။ ပြည်သူ့အစိုးရသည် ပြည်သူများပေါ် ကွဲခြားဆက်ဆံခြင်းမျိုးမရှိသင့်ပေ။ အစိုးရ၏ မေတ္တာစေတနာသည် နိုင်ငံတဝှမ်းနေရာမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး တပြေးညီ သွမ်းဖြူ၍ သက်ရောက်စေသင့်သည်။ ၄င်းသည် အမှန်ကန်ဆုံးအမျိုးသားရေးဝါဒဖြစ်ပါသည်။

## တဘက်နိုင်ငံမှာ ခိုးဝင်လာသည်ဆိုခြင်းပေါ် သုံးသပ်ချက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆင်းရဲသည်။ လူဦးရေများသည်။ သို့သော်တစ်ဦးချင်းဝင်ငွေ ရခိုင်ဒေသထက်များသည်။ရခိုင်ဒေသထက်အလုပ်ပေါများသည်။ရခိုင်ကုလားမှာလည်း ဘင်္ဂလားကုလားခေါ် လာ၍ခွဲဝေစားရန် စီးပွားရေးအခြေခံမရှိပါ။ မိမိအချင်းချင်း၊ ဆွေမျိုးသားချင်းအချင်းချင်း စားကွက်လုနေရသောနေရာဖြစ်သည်။ ရခိုင်မှာ ရွှေမိုးငွေမိုးမရွာ၊ စင်ကာပူ၊ ဂျပန်ကဲ့သို့ စက်မှုထွန်းကားသောနေရာမဟုတ်ပါ။ ဘင်္ဂလားကုလားခိုးဝင်နေထိုင်ရန် အကြောင်းမရှိ။ မနာလိုသူများသာ ဘင်္ဂလားမှ ခိုးဝင်လာသည်ဟု အော်နေခြင်း၊ သရဲကြောက် ခြောက်ခြင်းဖြစ်ပါသည်။ ပုံပြင်ဖန်တီးခြင်းဖြစ်သည်။ ဘင်္ဂလားကုလားခိုးဝင်ရန်၊ အခြေချနေထိုင်ရန်၊ ရောထွေးရန် အခြေအနေလုံးဝ မရှိကြောင်း အကျဉ်းမျှရှင်းပြပါရစေ။ ဤနှိပ်တို့ဖြေရှင်းချက် မှန်၊ မမှန် ယုတ္တိရှိ၊ မရှိ စာဖတ်သူများကသာ အကဲဖြတ်ဆုံးဖြတ်ပါ။

၁။ အာဏာစက်လွှန်လွှန်ကဲကဲ ချပေးထားသော နစကအဖွဲ့ဌာနချုပ်မောင်းတောမှာရှိသည်၊ အင်အား ၂၀၀ ခန့်ရှိသောစခန်းခွဲများနယ်စပ်တစ်လျှောက် ၃၀ နီးပါးချထားသည်။ ၎င်းတို့က ဘင်္ဂလားဒေ့ရှ်မှ ခိုးဝင်လာသူဟူ၍ အနှစ် နှစ်ဆယ်အတွင်း မဖော်ထုတ်နိုင်သေးပါ၊ ခြေကျွံ နယ်စပ်ကျော်သူ၊ မိုးဒဏ်လေဒဏ်ကြောင်း လွင့်စင်လာသူလောက်သာ ဖော်ထုတ်အရေးယူနိုင်ခြင်း ရှိခဲ့သည်။ နယ်ခံကုလားများ နစက၏ ကန့်သတ်ချုပ်ချယ်မှုကြောင့် BD ပြေးထောင်သောင်းမကဖြစ်နေရာ လူစိမ်းဘင်္ဂလားဒေ့ရှ်သား ရခိုင်တွင်ခိုအောင်းနေထိုင်သည်ဆိုသည်မှာ မဖြစ်နိုင်ပါ။

၂။ ရခိုင်သည် စက်မှုလက်မှုထွန်းကားသောဒေသမဟုတ်။ ဘင်္ဂလားကုလားဝင်လာ၍ အလုပ်ရရန်မရှိ။ လယ်ယာမှာ ရခိုင်ကုလားလုပ်သားများပေါမှ ပေါပါ။ အလုပ်မရှိ၍ ဘင်္ဂလားဒေ့ရှ်သွား၍ အလုပ်ရှာနေသည်ဟု ဝန်ကြီးရှင်းလင်းပြောကြားချက်မှာပင်ပါနေသည်။ ချမ်းသာသူများဝင်လာ၍ ပိုင်ဆိုင်မှုမရနိုင်၊ ပိုင်ဆိုင်မှုအတွက် အစိုးရနှင့်ဆက်သွယ်ရမည်မဟုတ်လား။

၃။ ခိုးဝင်လာသူသည် လုံခြုံစွာနေရမည်မဟုတ်။ ဖမ်းဆီးခံရမည်။ Black List Baby ၇၀၀၀ ကျော်ရှိသည်။ တရားမဝင်မွေးသော ကလေးဟုဝန်ကြီးကဆိုထားသည်။ သူတို့မိဘခများဘင်္ဂလားဒေ့ရှ်မှာရောက် ရှိနေခြင်းဖြစ်သည်။ ဤနိုင်ငံသားဖြစ်လျက်နှင့်ပင်ဝင်လာလျှင် နစကဖမ်းမည်ကိုစိုးရိမ်၍ မဝင်ဘဲနေခြင်းဖြစ်သည်။ ဝင်လာလျှင်လည်းထောင်ဒဏ် အနည်းဆုံး (၇) နှစ်ကျော်ကျခံရမည်။ ထိုအခြေအနေတွင် တဘက်နိုင်ငံကလူများ မည်သို့ဝင်ရောက်နေထိုင်မည်နည်း။ ရဝတက ဖမ်းဆီးပေးမည်၊ ရွာစဉ်မှာ သတင်းပေး (Informer) များရှိသည်၊ နစကသည် တောင်ကြားလမ်းများ၊ ပင်လယ်ပြင်များ၊ တောင်ကြိုတောင်ကြားများပါ ထိန်းချုပ်ထားသည်ဟုဝန်ကြီး၏ ရှင်းလင်းချက်မှာပါသည်။ လူစိမ်းများ မည်သို့ဝင်လာမည်နည်း။ ရဝတသည်ထောက်လှမ်းရေးတို့ နစကတို့ကထောက်ခံတင်ပေးသူများဖြစ်သည်။ နိုင်ငံခြားသားဝင်လာနေသည်ကို သတင်းမပို့လျှင် အလုပ်ပြုတ်၊ ထောင်ကျခံမည်။ ခွင့်ပြုချက်မဲ့ ရွာတွင်အိပ်ထောင်ပြုသူ ဇာတိပြင်သူများရှိနေသည်ကို သတင်းမပို့သူ ရဝတများကို ထောင်ကျသည့် သာဓကများစွာလည်းရှိသည်။

၄။ လဝကဝန်ထမ်းများသည် တိုင်းပြည်ရောင်းစားသူများမဟုတ်၊ အနောက်တံခါးကိုလုံအောင် ပိတ်လိုသူများ၊ မျက်စိဒေါက်ထောက်ကြည့်နေသူများဖြစ်ကြသည်။ ခိုးဝင်လာသူ၊ ရောထွေးလာသူ၊ အိမ်ထောင်ကျလာသူကို မည်သို့သန်းခေါင်စာရင်း၊ မှတ်ပုံတင်ထုတ်ပေးမည်နည်း။ ထမင်းအိုးကွဲသည့်အန္တရာယ်များစွာရှိသည်။ လဝကမှူးဆိုသည်ကုလားအမျိုးသားလည်း တယောက်မှမရှိပါ။ ငွေထိုး၊ လာဘ်ထိုး၍ရသည်ဆိုခြင်းလည်း ဘင်္ဂလားကုလား ထိုမျှမချမ်းသာ၊ ရခိုင်နယ်စပ်သည် တရုတ်နယ်စပ်ကဲ့သို့ ချမ်းသာသောဒေသမဟုတ်ပါ။

၅။ ဘင်္ဂလားဒေရှ်ကုလားများထိုးဖောက်ဝင်ရောက်ရောထွေးသည်ဆိုသည်မှာ သရေခေတ္တရာခေတ်က ငါးစကောပုံပြင်ကဲ့သို့ တယောက်ပြီးတယောက်၊ တရွာပြီးတရွာအော်ဟစ်၍တိုင်းပြည်ပျက်ခြင်းမျိုးပါ။ ဘယ်ငါးစကောမှ ရှိခဲ့သည်မဟုတ်ပါ။ ဘင်္ဂလားကုလားမှ ရခိုင်သို့ လွတ်လပ်ရေးရပြီးနောက် ဝင်လာခြင်းမရှိပါ။ ရခိုင်ကကုလားများသာထွက်ပြေးပြီး ဘင်္ဂလားဒေရှ်၊ ပါကစ္စတန်၊ ဆော်ဒီအာရေဗျ၊ မလေးရှားနိုင်ငံများသို့ မိသားစုနှင့်တကွ ပြောင်းရွှေ့သွားသူ သိန်းပေါင်းဒါဇင်ချီ၍ ရှိနေကြောင်း သာဓကများရှိပါသည်။ ယခုလောလောဆယ်တွင် ဝန်ကြီးရှင်းလင်းချက် အရ BD ပြေး ဘင်္ဂလားပြေးခုနှစ်ထောင်နှင့် ဒုက္ခသည်စခန်းများမှာ ထောင်သောင်းမက ရှိနေသည်။ ဆော်ဒီ၊ ပါကစ္စတန်၊ မလေးရှားရောက်နေသူများ၏ စာရင်းဇယားများကို ထိုနိုင်ငံများ၏ သံအမတ်များထံမှ ရရှိနိုင်သည်။ တိုင်းပြည်စွန့်ခွာရခြင်းအကြောင်းကို ဤစာတမ်းဦးတည်ချက်မဟုတ်၍ မရေးပြတော့ပါ။ လူတိုင်းသည်ဇာတိမြေကိုချစ်သည်။ မတတ်သာမှ စွန့်ခွာရခြင်းဆိုသည်ကို စာရှုသူများတလက်ခံမည် ဟုထင်ပါသည်။ တဘက်နိုင်ငံမှ ခိုးဝင်လာသူများထိန်းချုပ်ရန်တာဝန်ရှိသလို မိမိနိုင်ငံသားများ လွှင့်စင်သွားသည်ကိုလည်း ပြန်လည်ခေါ်ယူရန်တာဝန်လည်း ရှိနေပါသည်။ အစီအစဉ်များလုပ်သင့်ပေသည်။

ကျော်မင်း
အမှတ် ၃၁၇၊ ကျိုက္ကဆံလမ်း၊ (က+ဝ) ရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၂၄၃၈၈၇

## APPENDIX

Nowadays there are a lot of cri es against Rohingya's nationality and indigenous status. But we recently got a very important and authentic historical primary source material which proves the antiquity of Rohingya's ethnicity. That is the British East India Co. Administrator of Chittagong province, Major R.E. Roberts wrote an essay "An account of Arakan" at Islamabad (Chittagong) in June 1777. He said "Almost three Fourths of the inhabitants of Rekheng are said to be natives of Bengal or descendant of such who constantly pray that the English may send a force to deliver them from their slavery and restore them to their country in that case they have agreed among themselves to assist their deliverers to the utmost of their power. (See: in: Ascanie 3, 1999. p:142-150)

That is the undeniable fact that more than three hundred years ago majority population of Arakan was Muslim or Rohingyas, It is a wonder why some are going to deny it.

Zul Nurain@Kyaw Min

မှတ်ချက်။ စာတမ်းထဲမှာ ရခိုင်ဟုပါရှိခဲ့ခြင်းသည် ထိုဒေသရှိနိုင်ငံပြည်နယ်ကို ရည်ညွှန်းလိုခြင်း ဖြစ်သည်။ ယခုခေတ်လူမျိုး နာမည်လည်းရခိုင်ဖြစ်နေသည်။ ကုလားဟုရေးခြင်းသည် ရခိုင်မှ ရခိုင်လူမျိုးမဟုတ်သော မူဆလင်များကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ မူဆလင်ထဲက မကြိုက်သူရှိလျှင် သည်းခံခွင့်လွှတ်ပါရန်တောင်းပန်ပါသည်။ စာဖတ်သူအများစု နားရှင်းအောင် ရေးသားသုံးနှုန်းထားခြင်း ဖြစ်ပါသည်။